







# မိုင်းကုတ်မြို့ကို ကျောက်မီးသွေးအန္တရာယ်မှကာကွယ်ခြင်း

**ထိုင်းနိုင်ငံနယ်စပ် မြောက်ဘက်နှင့် ၄၀ ကီလိုမီတာကွာဝေးသော ရှမ်းပြည်နယ်အရှေ့ပိုင်း၏ တောင်တန်းများတွင် ထိုင်းအရင်းရှင်များသည် မိုင်းကုတ်မြို့ရှိ ကျောက်မီးသွေးတွင်းကို တူးဖော်ရန် အသင့်ပြင်နေသည်။ ရေတွက်၍မရနိုင်သော ရှမ်းလူမျိုးများနှင့် မြစ်အောက်ပိုင်းရှိမြောက်ပိုင်း ထိုင်းလူမှုအသိုင်းအဝိုင်းများကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် သာယာဝပျောသော တောင်တန်းကို ဖျက်ဆီး၍ ကြည်လင်သန့်ရှင်းသော ကုတ်မြစ်ကိုအဆိပ်ခပ်မည့် ဤစီမံကိန်းသည် ချက်ချင်းရပ်တန့်ရန်လိုအပ်သည်။**






ကျောက်မီးသွေးစီမံကိန်းတူးဖော်မည့်နေရာများ

ထိုင်းနိုင်ငံသို့ ကျောက်မီးသွေးနှင့် လျှပ်စစ်စွမ်းအင်များကို တင်ပို့နိုင်ရန် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းကုတ်မြို့တွင် ကျောက်မီးသွေးတွင်း တူးဖေါ် ရန်နှင့် စွမ်းအင်ထုတ် လုပ်ရေးစက်ရုံတည်ဆောက်ရန် အီတလီ–ထိုင်း စွမ်းအင်ကုမ္ပဏီနှင့် မြန်မာစစ်အစိုးရတို့ သဘောတူလိုက်ကြပြီးဖြစ်သည်။

စစ်ပဋိပက္ခနယ်မြေထဲတွင်ကျရောက်နေသည့်အတွက် မြန်မာစစ်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအကြား တိုက်ပွဲများ စဉ်ဆက်မပြတ် ဖြစ်ပွားနေခြင်းနှင့် ဒေသခံလူထုများ၏ လူ့အခွင့်အရေးများကို စနစ်တကျချိုးဖောက်မှုများဖြစ်ပွားနေသည့် မိုင်းကုတ်မြို့သည် ထောင်သောင်းများစွာသော ရှမ်း၊ လားဟူ နှင့် အာခါ တောင်သူလယ်သမားတို့၏ မွေးရပ်ဇာတိဖြစ်သည်။ ကျောက်မီးသွေးတွင်း၏ လုံခြုံရေးကို အကြောင်းပြု၍ စစ်အစိုးရမှ စစ်အင်အားများစွာကို နယ်မြေထဲသို့ တိုးချဲ့အခြေချစေသည်။ ရွာသူရွာသားများပိုင်ဆိုင်သော လယ်ယာမြေများကို အလကားနီးပါတန်ဖိုးဖြင့် အတင်းအဓမ္မ ရောင်းချခိုင်းသည်။ ကျောက်မီးသွေးတွင်းနှင့် ကပ်လျက်တည်ဆောက် ထားသော ပြန်လည်နေရာချထားရေးနယ်မြေထဲတွင်လည်း အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းများကို ခံနေရသည်။ ဒေသခံပြည်သူအများစုသည် ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာကြသည်။

ပွင့်လင်းမှုမရှိခြင်းနှင့် လက်နက်အသုံးပြု၍ ခြိမ်းခြောက်ခြင်းများသည်တာဝန်ယူမှုရှိသည့်ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာစံချိန်စံနှုန်းများနှင့် လုံးဝဆန့်ကျင်နေသည်မှာ ထင်ရှားနေပါသည်။ သို့သော်အကယ်၍ထိုပြဿနာများသည် ထိုင်းနယ်မြေ၏ အခြားတဖက်တွင်သာ လုံခြုံစွာဆက်လက်ဖြစ်ပွားမည်ဟု ထိုင်းနိုင်ငံ၏ အရင်းရှင်များအနေဖြင့် တွေးမြင်ခဲ့ပါက ထိုတွေးတောချက်များကိုပြန်လည်တွေးတောသင့်ပါသည်။ ရာနှင့်ချီသောကျောက်မီးသွေးတင်ကုန်တင်ကားများနှင့်လျှပ်စစ်မီးတိုင်ကြီးများသည် သာယာလှပသောချင်းရိုင်းခရိုင်၏ နယ်မြေဒေသရှုခင်းများကိုထိခိုက်ဖျက်ဆီးခြင်း၊ကျောက်မီးသွေးတွင်းနှင့်လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံမှ အဆိပ်သင့်အညစ်အကြေးများ ကုတ်မြစ်ထဲသို့ လောင်းချခြင်းများသည်ထိုင်းနိုင်ငံအတွင်းရှိမြစ်အောက်ပိုင်းဒေသများတွင်အခြေချနေထိုင်နေသော လူမှုအသိုင်းအသိုင်းတို့ မှီခိုနေသောသဘာဝပတ်ဝန်းကျင်တို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် ထိုဒေသခံများကို အကျိုးပြုနေသောခရီးသွားလာရေးလုပ်ငန်းများကိုလည်း ခြိမ်းခြောက်နေသည်။

## စီမံကိန်းအသေးစိတ်

ကျောက်မီးသွေးတွင်း– ၃၀ ကီလိုမီတာမြေဧရိယာ အကျယ်မှ လစ်ဂနိုက် တန်ပေါင်း ၁၂၀ ကိုထုတ်လုပ်နေသည်။ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန် တနေ့လျှင် ကျောက်မီးသွေးတန်ပေါင်း ၅၀၀၀ (တနှစ်လျှင် တန်ပေါင်း တစ်သန်းခွဲ)တူးဖော်ရန် အီတလီ–ထိုင်း၌ာနခွဲ ဆာရာဘူရိကျောက်မီးသွေး ကုမ္ပဏီမှ အစပိုင်း ၁၀ နှစ် (၅ နှစ် တကြိမ် သဘောတူညီချက် သက်တမ်းတိုးနိုင်) သဘောတူ ခွင့်ပြုချက်ရထားသည်။

ကျောက်မီးသွေး စွမ်းအင်စက်ရုံ– အီတလီ–ထိုင်း စွမ်းအင်ကုမ္ပဏီမှ မဂ္ဂါဝပ် ၄၀၅ (၃x၁၃၅ မဂ္ဂါဝ် ) ထုတ်လုပ်နိုင်သော စွမ်းအင်စက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ ၃၆၉ မဂ္ဂါဝပ် ကို ထိုင်းနိုင်ငံ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ Electricity Generating Authority of Thailand (EGAT) သို့ ၂၅ နှစ်ကြာ ရောင်းချပေးမည်။ လျှပ်စစ်စွမ်းအင်ကို ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်သို့ ပို့ဆောင်နိုင်ရန် ၂၃၀ ကီလိုဝပ် သယ်ဆောင်နိုင်သော လျှပ်စစ်မီးတိုင်များကို ၈၀ ကီလိုမီတာ အကွာအဝေးအတွင်း တည်ဆောက်သွားမည်။ စွမ်းအင်များကို ၂၀၁၆ ခုနှစ်အတွင်းတွင် စတင် တင်ပို့မည် ဖြစ်သည်။



*ဓာတ်ပုံ – ဒေသခံလူထု ၃၀၀ ကျော်အသက်ဆုံးရှုံးခဲ့ရသော ထိုင်းနိုင်ငံမှ မဲမော့ ကျောက်မီးသွေးလျှပ်စစ်စက်ရုံ*

### အီတလီ–ထိုင်း
### ထိုင်းနိုင်ငံ၏ ရောမ ဆောက်လုပ်ရေး ကုမပ္ပဏီ

အီတလီ–ထိုင်း ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီသည် ထိုင်းနိုင်ငံ၏ အကြီးဆုံး ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ဒေသအတွင်းရှိ အကြီးစား ဆောက်လုပ်ရေးစီမံကိန်းများတွင် ပါဝင်ပတ်သက်နေသည်။ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မဲမော့ သတ္တုတွင်းနှင့် စွမ်းအင်စက်ရုံ၊ ထိုင်းနိုင်ငံအရှေ့ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းရှိ မယ်တာပွတ် စက်မှုလုပ်ငန်းတို့ကဲ့သို့သော စီမံကိန်းများသည် ရေထု၊ လေထု ညစ်ညမ်းမှုအမြင့်ဆုံးထုတ်လုပ်သည့် အမည်ဆိုးဖြင့် ကျော်ကြားနေသည်။



*(ထိုင်းကုမ္ပဏီမှ မိုင်းဆတ်–မိုင်းကုတ်လမ်းမကြီးပေါ်တွင် မိုင်းကုတ်သို့ ဟု ထိုင်းစာဖြင့် ရေးသားထားသော ဆိုင်းဘုတ်)*

*ပြောင်းရွှေ့ရန် အမိန့်ပေးခြင်းခံရသော ရွာ*



## စီမံကိန်း၏ လက်ရှိ အခြေအနေ

ဆလာဘူရီ ကျောက်မီးသွေး/အီတလီ–ထိုင်း သည် ထိုင်းဝန်းထမ်းများနှင့် အလုပ်သမားများနေထိုင်ရန်အတွက် မိုင်းကုတ်မြို့တွင် ကုမ္ပဏီ အိမ်ယာများကို တည်ဆောက်ပြီးဖြစ်သည်။ ထိုင်းအလုပ်သမားပေါင်း ၁၀၀ ကျော်ကို အလုပ်ခန့်ထားသည်။ အလုပ်အဖွဲ့တစ်ခုမှ မြေတူးစက်များ၊ဆယ်ဘီး ကားများနှင့် တူးဖောက်စက်ပစ္စည်းများကို အသုံးပြုပြီး မိုင်းကုတ်မြို့အနီးရှိ ကျောက်မီးသွေး နမူနာများကို တူးယူနေကြသည်။ ထိုနမူနာများ ၂၀၁၀ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တာချီလိတ်မြို့မှတဆင့် ကုန်တင်ကားများဖြင့် ပုံမှန်သယ်ယူပို့ဆောင်နေသည်။

အခြားအလုပ်အဖွဲ့မှာ လမ်းကြိတ်စက်များ၊ ဆယ်ဘီးကားများကို အသုံးပြု၍ မိုင်းကုတ်မြို့နှင့် ထိုင်းနိုင်ငံနယ်စပ်ကို ဆက်သွယ်ထားသည့် လမ်းများ ကို ပိုမိုကောင်းမွန်ချောမွေ့စေရန် ပြုပြင်နေကြသည်။ ချင်းရိုင်းခရိုင်၊ မယ်ဖလုံ မြို့နယ်နှင့်ဆန့်ကျင်ဖက် မယ်ဂျုတ်နှင့် ထိုင်းနယ်စပ် အကြားရှိ လမ်း၏ နောက်ဆုံးအပိုင်းမှလွဲ၍ လမ်းဆောက်လုပ်ရေးမှာ ပြီးလုနီးပါရှိနေပြီဖြစ်သည်။ မယ်ဂျုတ်မြို့တွင် ရှင်းလင်းထားသော မြေကွက်ကြီးမှာ ကျောက်မီး သွေးများကို သိုလှောင်မည့်နေရာဟု ယူဆရသည်။

ကျန် အဖွဲ့တစ်ဖွဲ့မှာ စွမ်းအင်စက်ရုံတည်ဆောက်ရန်အတွက် မိုင်းကုတ်မြို့၏ အနောက်ဖက်နှင့် အရှေ့တောင်ဖက်တွင် မြေတိုင်းခြင်း၊ မြေညှိခြင်း နှင့် ရှင်းလင်းခြင်းများကို ပြုလုပ်နေကြသည်။ ဧပြီလ ၂၀၁၁ မှစ၍ ဆောက်လုပ်ရေး ပစ္စည်းများဖြစ်သော ကျောက်၊ သဲ၊ သံ နှင့် ဘိလပ်မြေများကို ထိုင်းနိုင်ငံမှ ကုန်တင်ကားများဖြင့် သယ်ယူပို့ဆောင်နေသည်။


*လားဟူရွာတရွာ၏ ရွာလည်ကိုဖြတ်၍ ဆောက်လုပ်ထားသော ကျောက်မီးသွေးသယ်ယူပို့ဆောင်ရန် အသုံးပြုမည့်လမ်း*


*ရွာသားများ၏ နေ့ရှုလုပ်ငန်းများနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းများလည်း ဆက်လက်ဆောက်လုပ်နေသည်။*



## အတင်းအဓမ္မပြောင်းရွှေ့ခြင်းနှင့် မြေများသိမ်းဆည်းခြင်း

ဇန်နဝါရီလ ၂၀၁၁ တွင် မိုင်းကုတ်မြို့ရှိ မြန်မာစစ်တပ် အာဏာပိုင်မှ ဒေသခံ ရွာသူကြီးများနှင့် ရွာသူရွာသားများကို ခေါ်ယူတွေ့ဆုံပြီး ၎င်းတို့၏ လယ်မြေအကျယ်အဝန်းကို တိုင်းထွာရန် အမိန့်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လအကုန်တွင် ဒုတိယအကြိမ် ခေါ်ယူတွေ့ဆုံပြီး နမ့်တူမြစ် တောင်ပိုင်း (ဝမ်ဂတ်ရွာ အနီး) ရှိ လယ်မြေများကို ထိုင်း ကုမ္ပဏီထံသို့ တစ်ဧကလျှင် ၂၀၀၀၀ ကျပ် (ကျပ်နှစ်သောင်း) ဖြင့် ရောင်းချရမည်ဟု အမိန့်ပေးခဲ့သည်။ မိုင်းကုတ်မြို့၏ တောင်ဘက်ရှိ ရွာ သုံးရွာ (ကုတ်တိုက်၊ ကုတ်ကန့် နှင့် ဝမ်ပိုန်း) တွင် နေထိုင်နေသော ဒေသခံများအားလုံး (မိသားစု ၈၀ ကျော်) ကို မိုင်းကုတ်မြို့၏ မြောက်ဘက်ရှိ ဝမ်ပုံနှင့် ဝမ်နောင်ဘွန်းရွာ ပတ်ဝန်းကျင်တွင် တည်ဆောက်မည့် ပြန်လည်နေရာချ ထားရေး နယ်မြေသို့ ပြောင်းရွှေ့ရန် အမိန့်ပေးခြင်းခံခဲ့ရသည်။ ထိုနယ်မြေအသစ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ဆောင်နိုင်မည့် လယ်ယာမြေများ မရှိပေ။ မိသားစုတိုင်းအတွက် နေအိမ်အသစ်များတည်ဆောက်နိုင်ရန် မြေကွက်များကို ပိုင်းခြားသတ်မှတ်ပေးသွားမည်ဖြစ်သည်။ ထိုခေါ်ယူတွေ့ဆုံ ပွဲများတွင် ရွာသူရွာသားများ ပြောဆိုဆွေးနွေးခြင်းများပြုလုပ်ရန် ခွင့်ပြုခြင်းမခံရပေ။

| | |
|---|---|
| ၂၀၀၀ ခုနှစ် | မိုင်းကုတ်မြို့တွင် မြန်မာစစ်တပ်မှ တပ်ရင်းများ စတင်တည်ဆောက်သည်။ |
| ၂၀၀၇ ခုနှစ် | အီတလီ–ထိုင်း ဌာနခွဲဆာရာဘူရီကျောက်မီးသွေး ကုမ္ပဏီမှ မိုင်းကုတ်မြို့တွင် ကျောက်မီးသွေးများကို စတင် သုတေသနပြုသည်။ |
| ၂၀၀၈ ခုနှစ် ဧပြီလ | ဆလာဘူရီ ကုမ္ပဏီ မြန်မာစစ်အစိုးရထံမှ မိုင်းကုတ်မြို့ရှိ ကျောက်မီးသွေးများကို တူးဖေါ်၍ ထိုင်းနိုင်ငံသို့ တင်ပို့ ရောင်းချရန် ခွင့်ပြုချက်ရရှိသည် လစ်ဂနိုက်တူးဖော်ရန်နှင့် ထိုင်းနိုင်ငံသို့တင်ပို့ရန် ဆာရာဘူရီ ကုမ္ပဏီမှ မြန်မာစစ်အစိုးရထံမှ ခွင့်ပြုချက်ရရှိ။ |
| ၂၀၀၈ ခုနှစ် ဧပြီလ | ဆာရာဘူရီ ကုမ္ပဏီမှ ချင်းရိုင်းခရိုင်မြောက်ပိုင်း၊ ထိပ်ထိုင်းရွာအနီးတွင် ကျောက်မီးသွေးတင်သွင်းရန် ယာယီ နယ်စပ်ဖြတ်ကူးနိုင်ရေးကို ခွင့်ပြုရန် ချင်းရိုင်းခရိုင်၏ အာဏာပိုင်းများကို တောင်းဆိုခဲ့သည်။ |
| ၂၀၀၉ခုနှစ် နိုဝင်ဘာလ | မိုင်းကုတ်စီမံကိန်းနှင့်ပတ်သက်သည့် သဘောတူညီချက်စာချုပ်ကို ထိုင်းအစိုးရမှ အတည်ပြုခဲ့ပြီး ထိုစာချုပ်အရထိုင်းနိုင်ငံလျှပ်စစ်စွမ်းအင် အာဏာပိုင်အဖွဲ့ Electricity Generating Authority of Thailand (EGAT) နှင့် အီတလီ–ထိုင်း စွမ်းအင် ကုမ္ပဏီတို့ပူးပေါင်း၍ မိုင်းကုတ်မြို့တွင် ကျောက်မီးသွေးစွမ်းအင်စက်ရုံတည်ဆောက်ပြီး ထိုင်းနိုင်ငံသို့ စွမ်းအင် ၃၆၉ မဂ္ဂါဝပ်တင်ပို့သွားမည်။ |
| ၂၀၁၀ ခုနှစ် မတ်လ | မိုင်းကုတ်စွမ်းအင်စက်ရုံကို ထိုင်းနိုင်ငံ၏ စွမ်းအင်ဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖေါ်ပြထားပြီး စီမံကိန်းအရ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် စွမ်းအင်များကို ထိုင်းနိုင်ငံသို့ စတင်ရောက်ချမည်။ |

# စစ်မက်နယ်မြေတွင် ရင်းနှီးမြှုပ်နှံခြင်း

မိုင်းကုတ်မြို့သည် လက်နက်ကိုင်အဖွဲ့အမျိုးမျိုး အခြေချနေသော အမြဲတမ်း စစ်မက်ဖြစ်ပွားနေသည့် နယ်မြေဖြစ်သည်။ နယ်မြေသည် ပုံမှန်အားဖြင့် မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး ခြေလျင်တပ်ရင်း နှစ်တပ် (ခမရ ၅၇၉ နှင့် ခမရ ၅၈၀) နှင့် အမြောက်တပ် တစ်တပ် (၃၈၇) တို့သည် ဤကျေးရွာအုပ်စုငယ်တွင် အခြေချသည်။ ဤတပ်ရင်းများကို မိုင်းဆတ်နှင့် မိုင်းတုံမြို့များရှိ တပ်ရင်းများမှ ပုံမှန် ထောက်ပံ့သည်။ မြန်မာစစ်တပ် သည် ဒေသခံ ပြည်သူ့စစ်များ၏ အကူအညီဖြင့် အတိုက်အခံတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို ထိန်းချုပ်သည်။

မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်တို့သည် မိုင်းကုတ်မြို့ပတ်ဝန်းကျင်ရှိ သူပုန်နှိမ်နင်းရေးများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရွာသားများအား အတင်း အဓမ္မ ပြောင်းရွှေ့ခိုင်းခြင်း၊ အရပ်သားများအား ညှင်းပမ်းနှိပ်စက်ခြင်း၊ ဤနယ်မြေအတွင်းတွင် လှုပ်ရှားနေသော တောင်ပိုင်း– ရှမ်းပြည် တပ်မတော်ကို ထောက်ခံအားပေးသည်ဟု စွပ်စွဲခြင်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။ ၂၀၀၇ ခုနှစ် အတွင်းတွင် မိုင်းကုတ်မြို့ တောင်ပိုင်းရှိ အများအားဖြင့် ပလောင်တိုင်းရင်းသားများနေထိုင်သောရွာ ပေါင်း ၂၀ ရှိ လူဦးရေ ၃၀၀၀ ကျော်၊ တို့ကို ၄င်းတို့နေအိမ်မှ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခဲ့သည်။

၁၉၈၉ ခုနှစ်တွင် မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့သော ဝပြည် သွေးစည်းညီညွတ်ရေးတပ်မတော် သည် မိုင်းကုတ်မြို့နှင့် ထိုင်း နယ်စပ်အကြားရှိ နယ်မြေအများစုကို ထိန်းချုပ်ထားသည်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်တွင် စစ်အစိုးရမှ ဝတပ်မတော် အား ယင်း၏ ထိန်းချုပ်မှုအောက်တွင် နယ်ခြားစောင့်တပ်အဖြစ် ပါဝင်လာရန် ဖိအားပေးခဲ့သော်လည်း ဝတပ်မတော်မှ ငြင်းဆန်ခဲ့သည်။ ထိုအဖြစ်အပျက် ကြောင့် တင်းမာမှုများပိုမိုများပြားလာပြီး ဝတပ်မတော်၏ နယ်မြေပတ်ပတ်လည်တွင် တပ်ရင်းများ ပိုမိုများပြားလာသည်။ မိုင်းကုတ်မြို့မှ ထိုင်းနိုင်ငံအတွင်းရှိ လမ်းနှင့် လျှပ်စစ်မီးတိုင်တိုင်း ဝစစ်တပ်နယ်မြေ (သို့) တပ်အနီးအနားမှ ဖြတ်သွားရမည်ဖြစ်သည်။

## စီမံကိန်းနယ်မြေအတွင်းရှိ လက်နက်ကိုင်အင်အားစုများ



*"အရင်တုန်းကဆိုရင် ဒို့ရွာပတ်ပတ်လည်မှာ သစ်တောတွေရှိတယ်။ ဒို့တွေရဲ့ လယ်ယာကိုလည်း လွတ်လွတ်လပ်လပ်သွားနိုင်ပြီး ဒို့တွေမှာ အစားအသောက် လုံလုံလောက်လောက်ရှိတယ်။ အခုဆိုရင် သစ်တောတွေ လဲ ကုန်တော့မယ်။ လယ်ယာတွေလဲ အသိမ်းခံရတယ်။ စစ်ဆေးရေးဂိတ်တွေ ကလည်းနေရာတိုင်းမှာဘဲ။ လူတွေက နေလို့မရကြတော့ဘူး။ အားလုံးထွက်ပြေးကုန်ကြပြီ။"*

**မိုင်းကုတ်မြို့မှ ဒုက္ခသည်တဦး**

## မိုင်းကုတ်မြို့တွင် စစ်အင်အား တိုးချဲ့ခြင်း

မိုင်းကုတ်မြို့သည် ကုတ်မြစ်ကြောင်းတစ်လျှောက် တောင်တန်းများအကြားတွင် တည်ဆောက်ထားသော ရွာစုများဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော လူမှု အသိုင်းအဝိုင်းသည် မျိုးဆက်ပေါင်းများစွာကတည်းက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ရှိလာကြပြီး မိမိတို့စားသုံးရန် ဆန်စပါးများကို စိုက်ပျိုးကြပြီး ကျန်ရှိနေသော စပါးများကို မိုင်းဆတ်နှင့် တာချီလိတ်မြို့တို့တွင် အခြားပစ္စည်းများနှင့် လဲလှယ်ရန် ရောင်းချကြ သည်။ တာချီလိတ်မြို့နှင့်ဆက်သွယ်သည့်လမ်းမှာ မြေနီလမ်းကလေးသာဖြစ်ပြီး တာချီလိတ်မြို့သို့သွားရောက်ရန်ရွာသားများ (၃)ရက်ခန့် လမ်းလျှောက်ရသည်။ မြစ်ရေထဲတွင် မြောက်များစွာသော ငါးများ၊ အနီးပတ်ဝန်းကျင်တွင် ထူထပ်သောသစ်တောများသည် ရွာသားများအတွက် အိမ်ဆောက်ရန် ကျွန်းသစ်များ၊ ထင်းများ၊ စားသုံးနိုင်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ၊ ရိုးရာ ဘယဆေးများဖြင့် ပံ့ပိုးပေးသည်။



ဓာတ်ပုံ – ကုတ်မြစ်အနီးရှိ မြန်မာစစ်တပ်

၂၀၀၀ ခုနှစ်အတွင်းတွင်မြန်မာစစ်တပ်မှ မိုင်းကုတ်မြို့တွင် လာရောက် အခြေစိုက်ပြီးသည့်နောက်ပိုင်း ရွာသူရွာသားများ၏ ဘဝမှာလည်း များစွာ ပြောင်းလဲသွားသည်။ တပ်ရင်းများတည်ဆောက်ရန်နှင့် စစ်သားများအတွက် သီးနှံများစိုက်ပျိုးရန် လယ်ယာမြေများကို သိမ်းယူခြင်းခံရသည်။ ရွာသူရွာသားများကို လုပ်အားခမပေးဘဲ စစ်တပ်အတွက် အတင်းအဓမ္မ အလုပ်လုပ်ပေးခိုင်းခြင်း နှင့် စစ်တပ်၏ စိုက်ခင်းများတွင် အသုံးပြုရန် ရေကြောင်းလွှဲခြင်းများကို ပြုလုပ်သည်။ ယင်းတို့ အသုံးပြုရန်နှင့် ပြန်လည်ရောင်းချရန် တောင်တန်းများရှိ သစ်ပင်အများစုကိုလည်း စစ်တပ်မှ ခုတ်ယူသုံးစွဲကြသည်။ ရေထွက်ပတ်ဝန်းကျင်တွင် သစ်တောဖျက်ဆီးမှု များကြောင့် ဒေသအတွင်းရှိ မြစ်ချောင်းများလည်း ခန်းခြောက်လာသည်။ ၂၀၁၀ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ မိုင်းကုတ်မြို့အရှေ့ပိုင်းရှိ လယ်မြေများကို အာဏာပိုင်များ သိမ်းဆည်းခဲ့ပြီး ကျိုင်းတုံမြို့နှင့် ဆက်သွယ်သည့် ရထားလမ်းတည်ဆောက်ရန် ရွာသူရွာသားများအား မြေရှင်း၊ မြေညှိခြင်းများကို အတင်းအဓမ္မ လုပ်အားခိုင်းစေသည်။




ဓာတ်ပုံ – ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့ သစ်ကွင်းရှိ သစ်တောရေးရာနှင့် သစ်ထုတ်လုပ်ရေးဝန်ကြီးဌာန ဆိုင်းဘုတ်

စစ်အင်အားတိုးချဲ့ခြင်းနှင့်အခွင့်အရေးချိုးဖေါက်ခြင်းများကြောင့်မိုင်းကုတ် မြို့၏ ဒေသခံ၂၀၀၀ကျော်၏လူဦးရေတစ်ဝက်ကျော်သည် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာကြသည်။ အချို့မှာထိုင်းနိုင်ငံနယ်စပ် ချင်းရိုင်းခရိုင်၊ မယ်ဖလုံမြို့နယ်အတွင်းရှိ အတင်းအဓမ္မပြောင်းရွှေ့ခိုင်းခြင်းခံရသူများအတွက် တည်ဆောက်ထားသည့်စခန်းများတွင် လာရောက်ခိုလှုံကြသည်။

မြန်မာစစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ယင်းတို့၏ မိသားစု အားလုံး၏ လူဦးရေမှာ မိုင်းကုတ်မြို့၏ ဒေသခံ ပြည်သူလူထု၏ လူဦးရေထက် ပိုမိုများ ပြားနေသည်။ နိုဝင်ဘာလ ၂၀၁၀ ရွေးကောက်ပွဲတွင် မြန်မာစစ်တပ်ကျောထောက်နောက်ခံဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အားထောက်ခံမဲပေးရန် ရွာသားများအား အတင်းအဓမ္မ ခိုင်းစေခဲ့သည်။



*သစ်တောဖြုန်းတီးခြင်းသည်တောနေတိရစ္ဆာန်ရှားပါးလာစေပြီး လတ်တလော မိုင်းကုတ်အနီးတွင် သတ်ခံရသည့် ပုံတွင်တွေ့ရသည့် ကျားသစ်မျိုးအပါအဝင်ဖြစ်သည်*

ချင်းရိုင်းခရိုင် တာတွန်းမြို့ရှိ ကုတ်မြစ်သည် ခရီးသွားဧည့်သည်များအတွက် နာမည်ကျော်ကြားသည့် နေရာဖြစ်သည်။ ထောင်ပေါင်းများစွာသော ခရီးသွားဧည့်သည်များသည် လှေစီးခြင်း၊ ဖောင်မျောခြင်းတို့ဖြင့် မြစ်ကြောင်းတလျှောက်ရှိ ရှုခင်းများကိုခံစားရန် ချင်းရိုင်းခရိုင်သို့ နှစ်စဉ်နှစ်တိုင်း လာရောက်လည်ပတ်ကြသည်။





© Greenpeace/Shailendra Yashwant

ဓာတ်ပုံ – ထိုင်းနိုင်ငံ မဲ့မော့တွင် အသက်ရှုလမ်းကြောင်းရောဂါ ခံစားနေရသော လူနာတစ်ဦး

## လေထုညစ်ညမ်းမှု

မိုင်းတွင်းနှင့်လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံအနီးတွင် အခြေချနေထိုင်ကြသော လူမှုအသိုင်းအဝိုင်းများအားလုံး မိုင်းတွင်းတူးခြင်း၊ ကျောက်မီးသွေးသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်စက်ရုံမှ ကျောက်မီးသွေးပြာများအသက်ရှုသည့်လေတွင် ရောနှောပါဝင်လာသည့်အတွက် အကျိုးဆက် ရောဂါများကို ခံစားလာရမည်။ကျောက်မီးသွေး မီးလောင်ခြင်းမှထွက်လာသည့် ဓါတ်ငွေ့များသည် အဆိပ်အလွန်ပြင်းသည့်အတွက်ရှုသွင်းမိသူများ အသက်ရှုလမ်းကြောင်းနှင့်ပတ်သက်သည့် ရောဂါများကို ခံစားရမည်ဖြစ်ပြီး အက်ဆစ်မိုးရွာသွန်းများဖြစ်စေပြီး စိုက်ပျိုးသီးနှံထုတ်လုပ်မှုများလည်း ပျက်စီးမည်ဖြစ်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မဲ့မော့ ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ်ထုတ်လုပ်ရေးစက်ရုံ၏ အနီးပတ်ဝန်းကျင်အနီးရှိ ပြည်သူ ၃၀၀ ကျော်သည် စီမံကိန်းစတင် အကောင်အထည်ဖော်သည့်အချိန်မှစ၍ အသက်ရှုလမ်းကြောင်းနှင့်ပတ်သက်သည့် ရောဂါများ၊ အဆုတ်ကင်ဆာများဖြင့် အသက်ဆုံး ရှုံးခဲ့ပြီး ကျန်ရှိနေသေးသည့် ထောင်ပေါင်းများစွာသော လူထုများမှာလည်း ဆာလဖါဒိုင်အောက်ဆိုက်ဓါတ်ငွေ့ကြောင့် ထိုကဲ့သို့သော ရောဂါများကို စတင်ခံစားနေကြရသည်။



## တီကျစ်မြို့မှ သင်ခန်းစာများ

မိုင်းကုတ်မြို့၏ ရှေ့အနာဂတ်တွင် ဘာဖြစ်လာမည်ဆိုသည်ကို ရှမ်းပြည်နယ်အနောက်တောင်ပိုင်းရှိ မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အပွင့်ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ် စွမ်းအင်ထုတ်လုပ်ရေးစက်ရုံတည်ရှိသော တီကျစ်မြို့ အဖြစ်အပျက်များကို ကြည့်ခြင်း အားဖြင့် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။ သို့သော် မိုင်းကုတ်စီမံကိန်းသည် တီကျစ်စီမံကိန်းထက် ကျောက်မီးသွေးတူးယူသည့်ပမာဏ နှစ်ဆထက်ပိုတူးခြင်းနှင့် ကျောက်မီးသွေးပမာဏ သုံးဆ မီးရှို့မည်ဖြစ်သည့်အတွက် အကျိုးဆက် ဆိုးကျိုးများမှာ ပိုဆိုးမည်ဖြစ်သည်။

တီကျစ်မြို့တွင် လေထဲသို့လွှင့်ပျံနေသည့် ဆိုးရွားသည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံမှ ကျောက်မီးသွေးပြာမှုန့်များသည် ပြည်သူလူထု ၃၀၀၀ ကျော်တို့၏ နေအိမ်ခေါင်မိုးများထက်ပို၍ မြင့်ပြီးပုံနေခြင်း၊ မြစ်ချောင်းများပိတ်ဆို့ခြင်းနှင့် လယ်ယာမြေများဖျက်ဆီးခြင်းတို့ကို ခံစားနေရသည်။ လမ်းမများပေါ်တွင် ကျရောက်နေသော ဖုန်မှုန့်များနှင့် ဓါတ်ငွေ့များကြောင့် လေထုညစ်ညမ်းခြင်းများ ဖြစ်ပွားနေသည်။ ဒေသခံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ အရေပြားယားယံမှု ဝေဒနာကို ခံစားနေကြရသည်။ စီမံကိန်း၏ ငါးမိုင်ပတ်လည် ဧရိယာအတွင်း နေထိုင်သော ပြည်သူလူထု ၁၂၀၀၀ ခန့်တို့သည် ညစ်ညမ်းမှုများနှင့် မိုင်းတွင်းတို့ချဲ့မှုများကြောင့် ယင်းတို့၏ နေအိမ်မှ မောင်းထုတ်ခြင်းခံရမည်ဖြစ်သည်။

(ကိုးကား – ပအိုဝ်းလူငယ်အစည်းအရုံး)

ဓါတ်ပုံ – ပအိုဝ်းလူငယ်အစည်းအရုံး



## ရေထုညစ်ညမ်းမှု

လျှပ်စစ်ထုတ်လုပ်ရာတွင် ရေငွေ့ဖြင့်လည်ပတ်စေသည့်အတွက် ကုတ်မြစ်မှ ရေပမာဏများစွာကို အသုံးပြုရမည်ဖြစ်သည်။ အသုံးပြုပြီးသွားသော ရေများကို မြစ်ထဲသို့ ပြန်လည်မျောချမည်ဖြစ်ရာ အများအားဖြင့် ထိုရေများသည် အလွန်အပူချိန်မြင့်ပြီး ဓာတုဗေဒဓါတ်များစွာပါဝင်သည့်အတွက် မြစ်ကြောင်းထဲရှိ သဘာဝသက်ရှိသတ္တဝါများနှင့်အပင်များ လွန်စွာ ပျက်ဆီးစေနိုင်သည်။ မိုင်းတွင်းတူးခြင်းနှင့် ကျောက်မီးသွေးမီးရှို့ခြင်းတို့မှ ကျောက်မီးသွေးမှုန့်များနှင့် ပြာမှုန့်များတွင် အဆိပ်ဖြစ်စေနိုင်သည့် အာဆဲနစ်(arsenic) ပြဒါး(mercury) ခရိုမီယမ် (chromium) နှင့် ကက်ဒမီယမ် (cadmium) ဓာတုဓါတ်တို့ပါဝင်သည်။ ဤဓါတ် များ မြေအောက်ရှိ ရေကြောများကို အဆိပ်ဖြစ်စေနိုင်ပြီး ထိုရေများလည်း ကုတ်မြစ်ထဲသို့ စီးဝင်မည်ဖြစ်သည်။

## လျှပ်စစ်ဓါတ်မီးတိုင်၏ အကျိုးဆက်များ

စွမ်းအားမြင့်လျှပ်စစ်ဓါတ်အား သယ်ယူပို့ဆောင်ရေးအတွက် မီတာ ၄၀ အကျယ်အဝန်းရှိသည့်လျှပ်စစ်ဓါတ်သိုလှောင်သည့်စက်နှင့် အခြား လျှပ်စစ်မီးတိုင်များကြောင့် လယ်မြေနှင့် သစ်တော ဧကပေါင်းမြောက်များစွာကို နယ်ခြား၏ နှစ်ဖက်လုံးတွင် ရှင်းလင်းရမည်ဖြစ်သည်။

- လယ်သမားများ လယ်ယာမြေများဆုံးရှုံးမည်ဖြစ်ပြီး လျော်ကြေးအနည်းငယ်သာရခြင်းသို့မဟုတ် လျော်ကြေးလုံးဝမရခြင်းတို့ဖြစ်မည်။
- သစ်တောများ ဖျက်ဆီးခံရခြင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် တောရိုင်းတိရစ္ဆာန်းတို့၏ စားကျက်များ ဖျက်ဆီးခြင်းတို့ ဖြစ်ပွားမည်။
- စွမ်းအားမြင့်လျှပ်စစ်မီးတိုင်များဖြတ်သန်းသွားသည့် အနီးပတ်ဝန်းကျင်တွင် အခြေချနေထိုင်သော ပြည်သူများ ကင်ဆာရောဂါဖြစ်ပွားနှုန်း ပိုမိုများပြားလာမည်။
- မြန်မာနိုင်ငံအတွင်းတွင် ထိုလျှပ်စစ်မီးတိုင်များကို ကာကွယ်ရန်အတွက် မြေမြှုပ်မိုင်းဗုံးများကို တပ်ဆင်ထားခြင်းနှင့် မီးတိုင်လုံခြုံရေး အတွက် ရွာသူရွာသားများအား အတင်းအဓမ္မ စောင့်ခိုင်းခြင်းများဖြစ်မည်။


ဓါတ်ပုံ – ပအိုဝ်းလူငယ်အစည်းအရုံး

*ရှမ်းပြည်နယ်ရှိ လျှပ်စစ်ဓါတ်မီးတိုင်မှ သတ္တုတွင်းသို့ သွယ်တန်းနေသည့်မီးတိုင်များ*

### ထိုင်းနိုင်ငံအတွင်းရှိ ကျောက်မီးသွေးသယ်ဆောင်မည့်လမ်းများကို ကန့်ကွက်သော လူမှုအသိုင်းအဝိုင်းများ




ဆာရာဘူရီ ကျောက်မီးသွေး ကုမ္ပဏီမှ ချင်းရိုင်းခရိုင်မြောက်ပိုင်း မယ်ဖလုံမြို့နယ်ကို ဖြတ်သန်းသွားမည့် ကျောက်မီးသွေးသယ်ယူပို့ဆောင်ရေးလမ်း တည်ဆောက်ရန် သုသေတနစတင်ပြုလုပ်သည့်အချိန်မှစ၍ ဒေသခံ ထိုင်းရွာသူရွာသားများသည် ယင်းတို့၏ လူမှုအသိုင်းအဝိုင်းများအပေါ် ဖြစ်ပေါ် လာနိုင်မည့် အကျိုးဆက်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ နေ့စဉ် တိုးပွားလျက်ရှိသည်။ ချင်းရိုင်းခရိုင်အတွင်းသို့ တစ်ရက်လျှင် ကျောက်မီး သွေးသယ်ဆောင်သည့် ကုန်တင်ကားပေါင်း ၂၀၀ ဖြတ်သန်းသွားလာမည်ဖြစ်သည့်အတွက် လမ်းကြောင်းတစ်လျှောက်တွင် ကျောက်မီးသွေးမှုန့် များ၏ ညစ်ညမ်းမှုများ၊ လမ်းများတွင် ယာဉ်ပိတ်ဆို့မှုများ၊ ဆူညံသံများသည် ထင်ပေါ်ကျော်ကြားသည့် ချင်းရိုင်း၏ လှပသည့်မြင်ကွင်း ရှုခင်းများကို ပျက်စီးစေနိုင်ခြင်း အတွက် စိုးရိမ်ပူပန်နေကြသည်။

| | |
|---|---|
| ၂၀၀၉ ခုနှစ် ဇူလိုင်လ | ၁ ရက်နေ့တွင် ထိုင်း ရွာသူရွာသားများ ထိုင်းလူမျိုးများ လူ့အခွင့်အရေးကော်မရှင်နှင့် ထိုင်းရှေ့နေများကောင်စီးထံသို့ တိုင် တန်းစာ ရေးသားပေးပို့ခဲ့သည်။ |
| ၂၀၁၀ ခုနှစ် ဇူလိုင်လ | ၁၉ ရက်နေ့တွင် ချင်းရိုင်းခရိုင်၏ လက်ထောက် ခရိုင်အုပ်ချုပ်ရေးမှူး ပါဝင်တက်ရောက်ခဲ့သော ကျောက်မီးသွေးသယ်ယူပို့ ဆောင်ရေးလမ်းနှင့်ပတ်သက်သည့် လူထုဆွေးနွေးပွဲတစ်ခုကို မယ်ဖလုံတက္ကသိုလ်တွင် ကျင်းပခဲ့သည်။ |
| ၂၀၁၀ ခုနှစ် ဩဂုတ်လ | ၂၅ ရက်နေ့တွင် လူထုခေါင်းဆောင်များနှင့် ထိုင်းနာမည်ကြီးသရုပ်ဆောင် ပရီယာနွတ် ပန်ပရာတတ် တို့ဦးဆောင်သည့် ကျောက်မီးသွေးသယ်ယူပို့ ဆောင်ရေးလမ်းကို ဆန့်ကျင့်သည့် ပြည်သူ့ဆန္ဒပြပွဲတစ်ခုကို ချင်းရိုင်းခရိုင်တွင် ကျင်းပခဲ့သည်။ |
| ၂၀၁၀ ခုနှစ် နိုဝင်ဘာလ | ၈ ရက်နေ့တွင် ချင်းရိုင်းခရိုင်၏ ခရိုင်အုပ်ချုပ်ရေးရုံးရှေ့တွင် ဒေသခံလူထုခေါင်းဆောင် ၅၀ခန့် ဆန္ဒပြခဲ့ကြပြီး ဒေသခံထိုင်းအဖွဲ့(ထိုင်းနိုင်ငံ မြောက်ပိုင်း)မှ ချင်းရိုင်းခရိုင်၏ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့လွှတ်တော် ဒု–ဥက္ကဋ္ဌထံသို့ ဆန့်ကျင်ဆန္ဒပြစာ ပေးအပ်ခဲ့သည် |
| ၂၀၁၁ ခုနှစ် မေလ | ၉ ရက်နေ့တွင် ၏ ကိုယ်စားလှယ် ပကောင်း လုန့်ထောင်းမှ မယ်ဖလုံမြို့နယ်ကို ဖြတ်သန်းသွားမည့် လမ်းဖောက်လုပ်ရေး အစီအစဉ်ဖျက်သိမ်းလိုက်ပြီဖြစ် ကြောင်း ဆပ်–ကော်မတီ အစည်းအဝေးတစ်ခုတွင် ချင်းရိုင်းခရိုင်၏အာဏာပိုင်များထံ တင်ပြခဲ့သည်။ |

***ဒေသခံ လူမှုအသိုင်းအဝိုင်းများ ချင်းရိုင်းခရိုင်ကို ဖြတ်သန်းသွားမည့် ကျောက်မီးသွေးသယ်ယူပို့ဆောင်ရေး အစီအစဉ်များအားလုံးကို ဆက်လက် စောင့်ကြည့် ဆန့်ကျင်သွားမည်။***



## မိမိတို့မှ အောက်ပါ အချက်များကို တောင်းဆိုသည်။

### မြန်မာစစ်အစိုးရထံသို့

မိုင်းကုတ် ကျောက်မီးသွေးတူးဖော်ရေးနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံ စီမံကိန်းကို ချက်ချင်းရပ်တန့်ရန်နှင့် ဒေသအတွင်းမှ စစ်အင်အားများ ရုပ်သိမ်းရန်

### ရင်းနှီးမြှုပ်နှံသူများထံသို့

စီမံကိန်းသည် စစ်မက်ဖြစ်ပွားနေသည့် နယ်မြေအတွင်းတွင် တည်ရှိနေသောကြောင့် စစ်မှန်၍ အဓိပ္ပာယ်ရှိသော လူထုပါဝင်မှု၊ အကျိုးဆက်လေ့လာမှု ပြုလုပ်ရန်လုံးဝ မဖြစ်နိုင်သည့် အပြင် ရင်းနှီးမြှုပ်နှံမှုများသည် စစ်တပ်တိုးချဲ့ခြင်း၊ ဒေသခံပြည်သူများအား ညှင်းပမ်းနှိပ်စက်ခြင်းနှင့် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခြင်းများကို မီးစပေးနေသည့်အတွက် စီမံကိန်း ရင်းနှီးမြှုပ်နှံခြင်းများကို ချက်ချက်းရပ်တန့်ပေးရန်

### ထိုင်းအစိုးရထံသို့

မိုင်းကုတ် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံသည် ထိုင်းနိုင်ငံ၊ ချင်းမိုင်ခရိုင်၊ ဖန်မြို့နယ်နှင့် ချင်းရိုင်ခရိုင်ငသို့ ဖြတ်သန်းစီးဆင်းသွားသည့် ကုတ်မြစ် အနီးတွင် တည်ဆောက်ထားသည့်အတွက် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေ၊ ထိုင်းနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများတို့အရ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုးလေ့လာမှု EIAs နှင့် SIAs တို့အပါအဝင် မိုင်းကုတ်ကျောက်မီးသွေးတူးဖော်ရေးနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များအားလုံးကို အများပြည်သူအတွက် ထုတ်ပြန်ပေးရန်၊ ထိုင်းနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလာ ရေးလုပ်ငန်း နှင့် နေ့တဒူဝအသုံးပြုရန် ကုတ်မြစ်မှ ရေများကို မှီခိုအားထားနေသည့်အတွက် ဤစီမံကိန်းများ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို တိမ်းရှောင်နိုင်ရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများအားလုံး အထူးသဖြင့် မိုင်းကုတ်စီမံကိန်းကဲ့သို့သော နယ်ခြား ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ရန်၊ နိုင်ငံ တကာ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များ၊ သဘောတူညီချက်များနှင့်အညီ ကျင့်သုံးခြင်းကို သေချာစေရန်နှင့် ဒေသခံလူမှုအသိုင်းအဝိုင်းတို့၏ ဘဝများ၊ သဘာဝသံသယာများနှင့် ဇီဝကွဲပြားမှုများကို ဦးစားပေးရန်၊

**၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသည်။**
**ဟိုက်မိုင်းကုတ်(မိုင်းကုတ်မြို့ကို ကာကွယ်တဲ့အုပ်စု)**
**ဆက်သွယ်ရန်၊** harkmongkok@gmail.com